■改編自：多元文化繪本
□自編

# 107 年新北市各級學校東南亞語文競賽
# 團體朗讀文稿 A 緬甸 語 國高中職 組

## လသာသာ

ဟိုးရှေးရှေးတုန်းက မောင်အကွေ့ဆိုတဲ့ လူတစ်ယောက်ရှိပါတယ်။ တစ်နေ့မှာ မောင်အကွေ့ဟာ သစ်တောထဲ မှာလျှောက်လည်ရင်း မွေးခါစ ကျားပေါက်စ ကလေးတွေကို တွေ့မြင်လိုက်တယ်။ အဲဒီအချိန်မှာ မကောင်းတဲ့စိတ် ဖြစ်လာပြီး ကျားပေါက်စ ကလေးတွေရဲ့ ခြေသည်းလက်သည်းများကို ချိုးလိုက်ပါတယ်။ မိခင်ကျားမကြီး ဘယ်လိုလုပ်မလဲဆိုတာ မောင်အကွေ့က ပုန်းပြီး ကြည့်နေပါတယ်။ ကျားပေါက်စ ကလေးတွေဟာ နာလွန်းလို့ အော်ဟစ်နေပါတယ်။ မိခင်ကျားမကြီးက ကျားကလေးတွေရဲ့ ဒဏ်ရာကို မြင်တွေ့ပြီးနောက် ညောင်ပင်လေး တစ်ပင်အောက်ပြေးလာပါတယ်။ အရွက် အနည်းငယ်ကို ကိုက်ချီကာ ပါးစပ်ထဲထည့်၍ ဝါးလိုက်ပါတယ်။

ဝါးပြီးလို့ ကြေညက်နေတဲ့ သစ်ရွက်တွေကို ကျားကလေးတွေရဲ့ ဒဏ်ရာပေါ်မှာ အုံပေးလိုက်ပါတယ်။ တခဏအတွင်း ကျားကလေးများရဲ့ ဒဏ်ရာများ ပျောက်ကင်းသွားပါတယ်။ မောင်အကွေ့ အလွန်ပဲ အံ့သြသွားပါတယ်။

စိတ်ထဲမှာ ဒီအပင်ကအလွန်တန်ဖိုးရှိတယ်၊ ဒီညောင်ပင်လေးကို တူးယူပြီး သူ့ခြံထဲမှာ စိုက်ထားလိုက်ပါတယ်။ အရွက်ကဆေးဘက်ဝင်တယ်၊ရောဂါမျိုးစုံကို ကုသနိုင်တယ်။ ဒါကြောင့် သစ်ပင်ရဲ့အမြစ်ပေါ် ညစ်ပတ်တဲ့ရေ မလောင်းရဘူး၊အမှိုက် မပစ်ရဘူး

သေချာမှတ်ထားနော်လို့ သူ့ရဲ့ ဇနီးကို ဂရုတစိုက် ရှင်းပြထားတယ်။

ဇနီးဖြစ်သူက သေချာမှတ်ထားပြီး သစ်ပင်ကို ရေအသန့်ဖြင့်သာ လောင်းတယ်။

ဘေးပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းအောင် ရှင်းလင်းထားပါတယ်။

ဒါပေမဲ့ မောင်အကွေ့က ဒီသစ်ပင်အတွက်နဲ့ နေ့တိုင်း တတွတ်တွတ် ပြောတာကို ဇနီးဖြစ်သူက သည်းမခံနိုင်တော့ပဲ သင်ဟာသစ်ပင်ကို ဂရုစိုက်တယ်၊ကျွန်မကို လုံးဝဂရုမစိုက်ဘူး။ သင့်ရဲ့သစ်ပင်ကို ကျွန်မထက်တောင် ပိုချစ်သေးတယ် လို့ မောင်အာကွေ့ကို ပြောပြီး၊ သူမဟာ ဒေါသတကြီးဖြင့် မီးဖိုချောင်မှ အမှိုက်အားလုံးကိုယူပြီး သစ်ပင်ရဲ့ အမြစ်ပေါ်ကို သွန်ချလိုက်တယ်။

ရုတ်တရက် ပင်စည်က ယိမ်းနွဲ့လှုပ်ရှားလာတယ်။ သစ်ရွက်လေးတွေကလည်း ပတ်ပတ်လည် ရစ်ပတ်ပြီး နေပါတယ်။ သစ်ပင်တစ်ပင်လုံးကလည်း လည်ပတ်လာတယ်။ သူ့ဟာသူ အမြစ်မှ နုတ်ထွက်ပြီး ကောင်းကင်သို့ တရှိန်ထိုး မြင့်မားစွာ ပျံတက်သွားပါတယ်။

မောင်အကွေ့ဟာ တရှိန်ထိုးပြေးပြီးခုန်ကာ မြေပြင်မှလွတ်သွားသော သစ်ပင်ရဲ့အမြစ်ကို စွဲမြဲစွာ ကိုင်ထားလိုက်ပါတယ်။

သစ်ပင်က မောင်အကွေ့ကို သယ်ဆောင်ပြီး ပျံသန်းမြဲ ပျံသန်းနေပါတယ်၊ လမင်းဆီအထိ ပျံသွားပါတယ်။

အဲဒီအချိန်မှစပြီး သစ်ပင်နဲ့ မောင်အကွေ့လည်း လနန်းပေါ်တွင် တနစ်ပြီးတနစ် နေခဲ့ပါတယ်။